# နိုင်ငံခြားသား အလုပ်သမား

## အလုပ်ခန့်အပ်ခြင်းအတွက် လက်စွဲစာအုပ်

စည်းမျဉ်းများကို လိုက်နာပြီး
ကမ္ဘာလုံးဆိုင်ရာတန်းတူလုပ်ဆောင်ခြင်းသို့
**STOP!**
တရားမဝင်အလုပ်လုပ်ကိုင်မှု



တိုကျိုမြို့တော်

# Contents


ဦးစွာ.....1

အလုပ်ခန့်၍မရသော နိုင်ငံခြားသားများနှင့် စပ်လျဉ်း၍.....2

နိုင်ငံခြားသားကို အလုပ်ခန့်သောအခါ.....3

နေထိုင်ခွင့်ကတ်ပြားဆိုသည်မှာ?.....4

နေထိုင်ခွင့်ကတ်ပြားအတုအပကာကွယ်ရေးစီမံချက်.....5

နေထိုင်ခွင့်ကတ်ပြား စစ်ဆေးသည့်နည်းလမ်း.....6

နေထိုင်ခွင့်အရည်အချင်းဆိုတာ ဘယ်လိုအမျိုးအစားတွေရှိတာလဲ?.....8

အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်နှင့် စပ်လျဉ်း၍.....9

အခြားသော စစ်ဆေးစာရွက်စာတမ်းများ.....10

ယာယီလွှတ်ပေးခြင်းဆိုသည်မှာ?.....11

အလုပ်ခန့်နိုင်သလားဆိုတာ စစ်ဆေးရာတွင်?.....12


အလုပ်ခန့်ပြီးနောက် အကြောင်းကြားခြင်း.....14

နေထိုင်ခွင့်လျှောက်ထားမှုလုပ်ထုံးများကို အွန်လိုင်းမှလုပ်ဆောင်မှုသို့.....14

တရားမဝင်အလုပ်လုပ်ကိုင်သူကို အလုပ်ခန့်ပါက.....15

အမေးများသောမေးခွန်းများ.....16

နိုင်ငံခြားသားကို အလုပ်ခန့်ရာတွင် အခက်တွေ့သောအခါ?.....17

ဦးစွာ

# နိုင်ငံခြားသားများကို အလုပ်ခန့်မည့် လုပ်ငန်းရှင်များ အားလုံးသို့


နိုင်ငံခြားသားများကို “လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အသိအမှတ်ပြုရေးဆိုင်ရာဥပဒေ” (လူဝင်မှုကြီးကြပ်ရေးပုဒ်မ) ဖြင့် ဆုံးဖြတ်ထားသော နေထိုင်ခွင့်အရည်အချင်း ဘောင်အတွင်းမှ၊ ဂျပန်နိုင်ငံအတွင်း အလုပ်လုပ်ကိုင်ရန် အသိအမှတ်ပြုထားပါသည်။ ထို့ကြောင့် လုပ်ငန်းရှင်များမှာ နိုင်ငံခြားသားများကို အလုပ်ခန့်သည့်အခါတွင်၊ နေထိုင်ခွင့်ကတ်ပြားတွင် အလုပ်လုပ်ရန် အသိအမှတ်ပြုထားခြင်း ရှိမရှိ စစ်ဆေးရန်လိုအပ်ပါသည်။

2023 ခုနှစ် အောက်တိုဘာလအချိန်တွင် နိုင်ငံခြားသားအလုပ်သမားအရေအတွက်မှာ 2,000,000 ဦးခန့်ရှိသည်ဟု စံချိန်တင် မှတ်တမ်းရှိနေခဲ့သည်။ သို့သော် တရားမဝင် ဆက်လက်နေထိုင်သူအရေအတွက်မှာ 2024 ခုနှစ် ဇန်နဝါရီလအချိန်တွင် 79,000 ဦးခန့်ရှိကာ အများစုမှာ တရားမဝင်အလုပ်လုပ်ကိုင်နေသည်ဟု ထင်ရပါသည်။

တိုကျိုမြို့တော်မှ လုပ်ငန်းရှင်များ အားလုံးသို့ နိုင်ငံခြားသားများကို အလုပ်ခန့်သည့်အခါတွင် သတိပြုရန်အချက်များကို မှန်မှန်ကန်ကန် နားလည်စေခြင်းနှင့်အတူ၊ “တရားမဝင်အလုပ်လုပ်ကိုင်မှုကို ခွင့်မပြုသော ပတ်ဝန်းကျင်ဖန်တီးခြင်း” အတွက် ပူးပေါင်းဆောင်ရွက်စေလိုသောကြောင့် ဤစာအုပ်ငယ်ကို ပြုလုပ်လိုက်ပါသည်။

တရားမဝင်အလုပ်လုပ်ကိုင်သူကို အလုပ်ခန့်ခြင်း၊ လုပ်ငန်းရုံးတွင် ညှိနှိုင်းပေးခြင်းများ လုပ်ဆောင်ပါက “တရားမဝင်အလုပ်အကိုင် ကူညီခြင်း ရာဇဝတ်မှု”ဖြင့် အပြစ်ပေးခံရနိုင်ပါသည်။ (အသေးစိတ်မှာ စာမျက်နှာ 15 တွင်)

## တရားမဝင် ဆက်လက်နေထိုင်သူအရေအတွက် ပြောင်းလဲလာမှု




ရင်းမြစ် - ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန

# အလုပ်ခန့်၍မရသော နိုင်ငံခြားသားများနှင့် စပ်လျဉ်း၍

အောက်ပါ နိုင်ငံခြားသားများအား အလုပ်လုပ်ရန် အသိအမှတ်မပြုထားပါ။

## 1

တရားမဝင်နေထိုင်သူနှင့် ပြည်နှင်ဒဏ်ပေးခံထားရပြီး မပြန်ရသေးသူများ အလုပ်လုပ်ခြင်း

(ဥပမာ)

- တရားမဝင် ဆက်လက်နေထိုင်သူ (Overstay ဖြစ်နေသူများ) နှင့် နိုင်ငံအတွင်းသို့ ခိုးဝင်လာသူများ အလုပ်လုပ်ခြင်း
- ပြည်နှင်ဒဏ်ကျခံစေရန် ဆုံးဖြတ်ပြီးသောသူများ အလုပ်လုပ်ခြင်း

## 2

အလုပ်လုပ်ရန် အသိအမှတ်ပြုထားခြင်း မခံရသော နေထိုင်ခွင့်အရည်အချင်းကို ကိုင်ဆောင်ထားသည့် နိုင်ငံခြားသားများက အလုပ်လုပ်ရန် ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ခြင်း

(ဥပမာ)

- လည်ပတ်ခြင်းစသည့် ကာလတိုနေထိုင်ရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံအတွင်းဝင်ရောက်လာသောသူများ အလုပ်လုပ်ခြင်း
- ပညာတော်သင်ကျောင်းသားနှင့် ဒုက္ခသည်အဖြစ်အသိအမှတ်ပြုရန် လျှောက်ထားဆဲသူများက ခွင့်ပြုချက်မရှိဘဲ အလုပ်လုပ်ခြင်း

## 3

အလုပ်လုပ်ရန် အသိအမှတ်ပြုခံထားရသော နိုင်ငံခြားသားများမှာ အသိအမှတ်ပြုခံထားရသည့် ဘောင်ကိုကျော်လွန်ပြီး အလုပ်လုပ်ခြင်း

(ဥပမာ)

- နိုင်ငံခြားဟင်းလျာချက်သူ စားဖိုမှူး၊ ဘာသာစကားကျောင်းအတွက် ဆရာအနေနှင့် အသိအမှတ်ပြုခံထားရသူမှ စက်ရုံစသည်တို့တွင် ရိုးရိုး အလုပ်သမားအနေနှင့် အလုပ်လုပ်ခြင်း
- ပညာတော်သင်ကျောင်းသားမှ ခွင့်ပြုထားသည့် အချိန်နာရီထက် ကျော်လွန်ပြီး အလုပ်လုပ်ခြင်း



# နိုင်ငံခြားသားကို အလုပ်ခန့်သောအခါ...

**1**

ဦးစွာ နေထိုင်ခွင့်ကတ်ပြားကို စစ်ဆေးပါ။

▶ P4～P5

▼

**2**

ထို့နောက်
“နေထိုင်ခွင့်အရည်အချင်း” “နေထိုင်ခွင့်ကာလ” ကိုစစ်ဆေးပါ။

▶ P6～P7

▼

**3**

ထို့အပြင်
“အလုပ်လုပ်ရန် ကန့်သတ်ချက် ရှိမရှိ”
“အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက် ရှိမရှိ”
“နေထိုင်မှုအတွက်သတ်မှတ်စာရွက်၏ အကြောင်းအရာများ”
စသည်တို့ကို စစ်ဆေးပြီး အလုပ်ခန့်နိုင်ခြင်းရှိမရှိ ဆုံးဖြတ်ပါ။

▶ P6～P13

▼

**4**

နောက်ဆုံးအနေဖြင့် နိုင်ငံခြားသားကို အလုပ်ခန့်ပြီးနောက် Hello work ကို မပျက်မကွက် အကြောင်းကြားစာပေးပို့ပါ။

▶ P14

# နေထိုင်ခွင့်ကတ်ပြားဆိုသည်မှာ?

နေထိုင်ခွင့်ကတ်ပြားသည် ဂျပန်နိုင်ငံတွင် ကာလအတန်အသင့်၊ ကာလရှည် နေထိုင်မည့် နိုင်ငံခြားသားများအတွက် ထုတ်ပေးထားသောအရာဖြစ်ပြီး၊ အထူးအမြဲတမ်းနေထိုင်သူများမှလွဲ၍ နေထိုင်ခွင့်ကတ်ပြားကို ကိုင်ဆောင်မထားသူများမှာ စည်းမျဉ်းအနေနှင့် အလုပ်လုပ်၍မရနိုင်ပါ။

## နေထိုင်ခွင့်ကတ်ပြား ထုတ်ပေးမည့် အကျုံးဝင်သူများ (“ကာလအတန်အသင့်၊ ကာလရှည် နေထိုင်သူ” ဟုသုံးမည်) မှာ၊ အောက်ပါ ① မှ ⑦ ရှိ တစ်ခုနှင့်မျှ မကိုက်ညီသောသူဖြစ်ရမည်။

① “3 လ” နှင့်အောက် နေထိုင်ခွင့်ကာလကို သတ်မှတ်ခံထားရသူ
② “ကာလတိုနေထိုင်မှု” ၏ နေထိုင်ခွင့်အရည်အချင်း သတ်မှတ်ခံထားရသူ
③ “သံတမန်” သို့မဟုတ် “အစိုးရပိုင်းဆိုင်ရာ” တို့၏ နေထိုင်ခွင့်အရည်အချင်း သတ်မှတ်ခံထားရသူ
④ “အထူးသီးသန့်လှုပ်ရှားမှု” ၏ နေထိုင်ခွင့်အရည်အချင်း သတ်မှတ်ခံထားရသော ထိုင်ဝမ်ဂျပန်ဆက်ဆံရေးအဖွဲ့အစည်း ဂျပန်နိုင်ငံအခြေစိုက် ရုံးခန်း (ဂျပန်နိုင်ငံရှိ ထိုင်ဝမ်စီးပွားရေးနှင့် ယဉ်ကျေးမှုကိုယ်စားလှယ်စသည်) သို့မဟုတ် ဂျပန်နိုင်ငံရှိ ပါလက်စတိုင်း အထွေထွေ ကိုယ်စားလှယ်ရုံးမှ ဝန်ထမ်းများ၊ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်များ၏ မိသားစုဝင်များ
⑤ "အထူးသီးသန့်လှုပ်ရှားမှု" (ဒီဂျစ်တယ်ရွှေ့ပြောင်းလုပ်သား (Digital Nomad) (နိုင်ငံတကာ Remote Work စသည်ကို ရည်ရွယ်ပြီး ဂျပန်နိုင်ငံတွင် နေထိုင်သူ) နှင့် အိမ်ထောင်ဖက်၊ သားသမီး) ၏ နေထိုင်ခွင့်အရည်အချင်း သတ်မှတ်ခံထားရသူ
⑥ အထူးအမြဲတမ်းနေထိုင်သူများ
⑦ နေထိုင်ခွင့်အရည်အချင်း ပိုင်ဆိုင်မထားသူများ


### ထုတ်ပေးမည့် အကျုံးဝင်သူများ၏ ဥပမာ

○ ဂျပန်လူမျိုးနှင့် လက်ထပ်ထားသောသူ
○ လုပ်ငန်းစသည်တို့တွင် အလုပ်လုပ်နေသောသူ
○ ပညာတော်သင်ကျောင်းသား
○ ဂျပန်နိုင်ငံပြင်ပတွင်နေထိုင်သူ ဂျပန်လူမျိုးများ
○ နည်းပညာကျွမ်းကျင်သင်တန်းသားများ
○ အမြဲတမ်းနေထိုင်သူများ

### ထုတ်ပေးမည့် အကျုံးမဝင်သူများ၏ ဥပမာ

○ အလည်အပတ်လာရောက်သူ
○ သံတမန်အရာရှိ
○ တရားမဝင်နေထိုင်သူများ စသည်

နမူနာ




နေထိုင်ခွင့်ကတ်ပြားနံပါတ်

အကျုံးဝင်သက်တမ်းကာလ

## နေထိုင်ခွင့်ကတ်ပြားတွင် “အကျုံးဝင်သက်တမ်းကာလ” ရှိပါသည်။

**အမြဲတမ်းနေထိုင်သူ၊ အဆင့်မြင့် ပညာရှင်အလုပ်အကိုင် နံပါတ် ၂ မှသူများ**

16နှစ်ပြည့်ပြီးသူများ  ထုတ်ပေးသည့်ရက်မှ 7နှစ်အထိ

16နှစ်မပြည့်သေးသူများ  16နှစ်ပြည့်မွေးနေ့ မတိုင်မီရက် （※） အထိ

**အမြဲတမ်းနေထိုင်သူ၊ အဆင့်မြင့် ပညာရှင်အလုပ်အကိုင် နံပါတ် ၂ မှလွဲ၍ အခြားသူများ**

16နှစ်ပြည့်ပြီးသူများ  နေထိုင်ခွင့်ကာလ သက်တမ်းကုန်ဆုံးရက်အထိ

16နှစ်မပြည့်သေးသူများ  နေထိုင်ခွင့်ကာလ သက်တမ်းကုန်ဆုံးရက် သို့မဟုတ် 16နှစ်ပြည့်မွေးနေ့မတိုင်မီရက် （※） တို့မှ ပိုစောသောရက်အထိ

※2023 ခုနှစ် အောက်တိုဘာလ 31 ရက်နေ့အထိ ထုတ်ပေးထားသော နေထိုင်ခွင့်ကတ်ပြားတွင်မူ "16နှစ်ပြည့်မွေးနေ့" ဟု ဖြစ်နေပါသည်။

နေထိုင်ခွင့်ကတ်ပြား၏ အကျုံးဝင်သက်တမ်းကာလ အပြောင်းအလဲ စသည်တို့နှင့်စပ်လျဉ်း၍ နီးစပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဌာနတွင် စုံစမ်းမေးမြန်းပါ။

# နေထိုင်ခွင့်ကတ်ပြားအတုအပကာကွယ်ရေးစီမံချက်

## pattern မှာ အစိမ်းရောင်သို့ ပြောင်းသွားပါမည်

ကတ်ပြားကို အပေါ်အောက်လှုပ်ရမ်းပါက
MOJ ဟူသော စာလုံးပတ်ပတ်လည်မှ
pattern မှာ ပန်းရောင်မှ အစိမ်းရောင်သို့
ပြောင်းသွားပါမည်။











## ဘယ်ဘက်အစွန်းမှာ ပန်းရောင်သို့ပြောင်းသွားမည်

ကတ်ပြားကို အပေါ်အောက်လှုပ်ရမ်းပါက
အရောင်မှာ အစိမ်းရောင်မှ ပန်းရောင်သို့
ပြောင်းသွားပါမည်။











## ဟိုလိုဂရမ်မှာ 3D ပုံစံ ရွေ့သွားပါမည်




ကတ်ပြားကို ဘယ်ညာလှုပ်ရမ်းပါက
MOJ ဟိုလိုဂရမ်မှာ 3D ပုံစံ
ဘယ်ညာကိုရွေ့သွားပါမည်။



## စာလုံးများ၏ အဖြူအမဲကို ပြောင်းပြပါမည်





ငွေရောင် ဟိုလိုဂရမ်ကို မြင်ကွင်း
ရှုထောင့် 90 ဒီဂရီ ပြောင်းသော
အခါတွင် စာလုံးများ၏ အဖြူအမဲကို
ပြောင်းပြပါမည်။






## ကတ်ပြား၏ watermark စာလုံးကိုမြင်ရပါမည်

မှောင်သည့်နေရာတွင် ကတ်ပြားအရှေ့ဘက်မှ
အလင်းရောင်ခပ်စူးစူးဖြင့် ထိုးကြည့်ပါက၊
ညာဘက်ပုံပါမတိုင်း “ MOJMOJ...” ဆိုတဲ့
watermark စာလုံးကိုမြင်ရပါမည်။




**အတုအပကို သတိပြုပါ**

## ဝက်ဘ်ဆိုက် နှင့် အက်ပလီကေးရှင်း မိတ်ဆက်

**【နေထိုင်ခွင့်ကတ်ပြားစသည့် နံပါတ်လုပ်ဆောင်မှုအချက်အလက် စုံစမ်းမေးမြန်းမှု】**


ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက် “နေထိုင်ခွင့်ကတ်နံပါတ် သက်တမ်းကုန်ဆုံးမှု အချက်အလက် စုံစမ်းမေးမြန်းခြင်း” တွင်၊ နေထိုင်ခွင့်ကတ်ပြားစသည့် နံပါတ်စသည်တို့၏ လိုအပ်သောအချက်အလက်များကို ရေးသွင်းလိုက်ပါက၊ ရေးသွင်းလိုက်သည့် ကတ်ပြားနံပါတ်မှာ  သက်တမ်းကုန်ဆုံးနေခြင်းရှိမရှိ စစ်ဆေးနိုင်မည်ဖြစ်ပါသည်။
ထို့အပြင် ယခုအခါတွင် အမှန်တကယ်ရှိသော နေထိုင်ခွင့်ကတ်ပြားစသည့် နံပါတ်များကို အလွဲသုံးစားလုပ်ထားသော အတုအပနေထိုင်ခွင့်ကတ်ပြားများလည်း ရှိနေသောကြောင့် “နေထိုင်ခွင့်ကတ်ပြား စသည်တို့ကို ဖတ်ပေးသော အက်ပလီကေးရှင်း” များနှင့်အတူ အသုံးပြုစေလိုပါသည်။ https://lapse-immi.moj.go.jp/

**【နေထိုင်ခွင့်ကတ်ပြား စသည်တို့ကို ဖတ်ပေးသော အက်ပလီကေးရှင်း】**

ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဌာနတွင် နေထိုင်ခွင့်ကတ်ပြားစသည်တို့၏ IC chip အတွင်း၌ သိမ်းထားသော သက်သေခံအချက်အလက်များနှင့် မျက်နှာပါဓာတ်ပုံစသည့် အချက်အလက်များကို ဖတ်ယူနိုင်သော “နေထိုင်ခွင့်ကတ်ပြား စသည်တို့ကို ဖတ်ပေးသော အက်ပလီကေးရှင်း” ကို အခမဲ့ ဖြန့်ချီပေးနေပါသည်။
ဤအက်ပလီကေးရှင်းကို အသုံးပြုပြီး၊ ဖတ်ယူလိုက်သည့် သတင်းအချက်အလက်နှင့် လက်မှတ်ပေါ်တွင်ရေးထားသော အချက်အလက်များကို တိုက်ကြည့်ခြင်းဖြင့်၊ အတုအပပြုလုပ်ထားခြင်းရှိမရှိကို အလွယ်တကူ စစ်ဆေးနိုင်မည်ဖြစ်သည်။
https://www.moj.go.jp/isa/policies/policies/rcc - support.html

# နေထိုင်ခွင့်ကတ်ပြား စစ်ဆေးသည့်နည်းလမ်း

နမူနာ၊ မျက်နှာစာ




| | | |
|---|---|---|
| ① | **အမည်** | အမည်ကို အင်္ဂလိပ်အက္ခရာဖြင့် ဖော်ပြရန်စည်းမျဉ်းချမှတ်ထားသော်လည်း၊ အမည်တွင် ခန်းဂျိစာလုံး သုံးသူများမှာ၊ ခန်းဂျိကိုပါ တွဲ၍ရေးနိုင်ပါသည်။ သို့သော် ဂျပန်နိုင်ငံတွင်သုံးရန် မှည့်ထားသောအမည်ကို ရေးထည့်၍မရပါ။ |
| ② | **နေထိုင်ခွင့်အရည်အချင်း** | နေထိုင်ခွင့်အရည်အချင်း သတ်မှတ်ထားခြင်းမရှိသူများကို ကတ်ပြားထုတ်ပေးမည်မဟုတ်ပါ။ |
| ③ | **နေထိုင်ခွင့်ကာလ (သက်တမ်းကုန်ဆုံးရက်)** | နေထိုင်ခွင့်ကာလအတွင်း၌ သက်တမ်းကုန်ဆုံးရက်အထိ ဂျပန်နိုင်ငံတွင် နေထိုင်နိုင်ပါသည်။ သက်တမ်းကုန်ဆုံးရက်ကို ကျော်နေသူများမှာ တရားမဝင်နေထိုင်မှုမြောက်ပါသည်။<br>သို့သော် လျှောက်ထားဆဲ (⑨ တွင်ကိုးကားပါ) သူများမှာ၊ သက်တမ်းကုန်ဆုံးရက်မှ ၂လကျော်သွားသည့်အထိ သို့မဟုတ် လျှောက်ထားသည့်ရလဒ် ထွက်သည်အထိ၊ ② ၏ နေထိုင်ခွင့်အရည်အချင်းဖြင့် နေထိုင်နိုင်ပါသည်။ |
| ④ | **နေထိုင်ရာလိပ်စာ** | အပြောင်းအလဲရှိပါက နောက်ကျောဘက်တွင် ရေးဖြည့်ထားပါမည်။ |
| ⑤ | **အလုပ်လုပ်ရန် ကန့်သတ်ချက် ရှိမရှိ** | အလုပ်လုပ်ရန် ကန့်သတ်ချက် ရှိမရှိနှင့် စပ်လျဉ်း၍ အောက်ပါ ဥပမာအတိုင်း ရေးဖြည့်ထားပါမည်။<br>"အလုပ်ကန့်သတ်ချက်မရှိ"<br>→အလုပ်အကြောင်းအရာတွင် ကန့်သတ်ချက်မရှိပါ။<br>"နေထိုင်ခွင့်အရည်အချင်းအပေါ် အခြေခံသော အလုပ်အကိုင်လုပ်ရှားမှုကိုသာ ခွင့်ပြုသည်"<br>→② ၏ နေထိုင်ခွင့်အရည်အချင်းအရ သတ်မှတ်ထားသော အလုပ်အကိုင်လှုပ်ရှားမှုကိုသာလျှင် လုပ်ဆောင်နိုင်သည်။<br>"နေထိုင်မှုအတွက်သတ်မှတ်စာရွက်အရ သတ်မှတ်ပေးထားသော အလုပ်အကိုင်လှုပ်ရှားမှုကိုသာ ခွင့်ပြုသည်"<br>→နေထိုင်မှုအတွက်သတ်မှတ်စာရွက် (စာမျက်နှာ 10 တွင်ကိုးကားပါ) အပေါ်မူတည်၍ အလုပ်အကိုင်လှုပ်ရှားမှုကို သီးသန့်သတ်မှတ်ထားသောကြောင့်၊ →နေထိုင်မှုအတွက်သတ်မှတ်စာရွက်ကိုလည်း စစ်ဆေးပါ။<br>"အလုပ်လုပ်ခွင့်မရှိ"<br>→စည်းမျဉ်းအရ အလုပ်လုပ်၍မရနိုင်ပါ။ သို့သော် နောက်ကျောဘက်မှ အရည်အချင်းပြင်ပမှ လှုပ်ရှားမှုခွင့်ပြုကော်လံ (⑧ တွင် ကိုးကားပါ) မှာ ခွင့်ပြုထားပါက၊ ရေးဖြည့်ထားသည့် အကြောင်းအရာ ကန့်သတ်ချက်ကို မကျော်နိုင်စေသော ဘောင်အတွင်းမှ အလုပ်လုပ်နိုင်ပါသည်။ |
| ⑥ | **မျက်နှာပါဓာတ်ပုံ** | နေထိုင်ခွင့်ကတ်ပြား၏ အကျုံးဝင်သက်တမ်းကာလ သက်တမ်းကုန်ဆုံးရက်မှာ 16နှစ်ပြည့်မွေးနေ့မတိုင်မီရက် （※P4 ကိုးကား） အထိ ရောက်နေသော ကတ်ပြားတွင် ဓာတ်ပုံပြသထားမည်မဟုတ်ပါ။ |

# နိုင်ငံခြားသားများကို အလုပ်ခန့်သည့်အခါ နေထိုင်ခွင့်ကတ်ပြားကို စစ်ဆေးပါ!

နမူနာ၊ နောက်ကျောဘက်




⑧ ⑨

⑩

နမူနာ




| | | |
|---|---|---|
| ⑦ | ထုတ်ပေးသူ | 2019ခုနှစ် မတ်လ 31 ရက် မတိုင်မီအထိ ထုတ်ပေးထားသော နေထိုင်ခွင့်ကတ်ပြားတွင်၊ "တရားရေးဝန်ကြီး" ဟုရေးထားပါသည်။ |
| ⑧ | အရည်အချင်းပြင်ပမှ လုပ်ရှားမှု ခွင့်ပြုကော်လံ | ခွင့်ပြုချက်ရထားပါက ဤကော်လံ၏ အောက်ပါ ဥပမာအတိုင်း ရေးဖြည့်ထားပါမည်။<br>"ခွင့်ပြု - စည်းမျဉ်းအရ တစ်ပတ်လျှင် 28 နာရီအတွင်း၊ လိင်ဖျော်ဖြေရေးလုပ်ငန်းစသည်တို့တွင် လုပ်ကိုင်ခြင်းမှလွဲ၍"<br>→အချိန်ပိုင်းအလုပ် 2 ခု3 ခုရှိနေသော်လည်းပဲ၊ ၎င်းတို့၏ စုစုပေါင်းမှာ တစ်ပတ်လျှင် 28 နာရီအတွင်းသာ ဖြစ်ရမည်။<br>"ခွင့်ပြု- "နည်းပညာ၊ လူ့ယဉ်ကျေးမှုနှင့် အသိပညာ နိုင်ငံတကာစီးပွားရေး"၊ "နည်းပညာကျွမ်းကျင်" နှင့်ကိုက်ညီသော လှုပ်ရှားမှု၊ တစ်ပတ်လျှင် 28နာရီအတွင်း"<br>→ဒေသန္တရအစိုးရအဖွဲ့အစည်းနှင့် ချုပ်ဆိုသော အလုပ်ခန့်စာချုပ်ကို အခြေခံသော လှုပ်ရှားမှုဖြစ်ရန် လိုအပ်ပါသည်။<br>"ခွင့်ပြု - အရည်အချင်းပြင်ပမှ လှုပ်ရှားမှုခွင့်ပြုလွှာတွင် ရေးဖြည့်ထားသော ဘောင်အတွင်း၌ လှုပ်ရှားခြင်း"<br>→ဤကဲ့သို့ရေးဖြည့်ထားပါက အရည်အချင်းပြင်ပမှ လှုပ်ရှားမှုခွင့်ပြုလွှာ (စာမျက်နှာ 9 တွင် ကိုးကားပါ) ကိုလည်း စစ်ဆေးပါ။ |
| ⑨ | လျှောက်ထားကော်လံ | နေထိုင်ခွင့်ကာလ ပြောင်းလဲမှုခွင့်ပြုရန် လျှောက်ထားဆဲ သို့မဟုတ်၊ နေထိုင်ခွင့်အရည်အချင်း ပြောင်းလဲမှုခွင့်ပြုရန် လျှောက်ထားဆဲဖြစ်ပါက ဤကော်လံတွင်ရေးဖြည့်ပေးပါမည်။<br>ထို့အပြင် လျှောက်ထားဆဲဖြစ်သူများမှာ သက်တမ်းကုန်ဆုံးရက်မှ ၂လကျော်သွားသည့်အထိ သို့မဟုတ် လျှောက်ထားသည့်ရလဒ် ထွက်သည်အထိ၊ ② ၏ နေထိုင်ခွင့်အရည်အချင်းဖြင့် နေထိုင်နိုင်ပါသည်။ |
| ⑩ | နောက်ရက်တွင် ထုတ်ပေးမည့်တံဆိပ် | ဂျပန်နိုင်ငံအတွင်းဝင်ရောက်လာချိန်တွင် နေထိုင်ခွင့်ကတ်ပြားကို ထုတ်ပေးမည့်လေဆိပ်များမှာ ရှင်းချိတုဆဲလေဆိပ်၊ နာရီတာလေဆိပ်၊ ဟနဲဒလေဆိပ်၊ ချူးဘုလေဆိပ်၊ ခန်းဆိုင်းလေဆိပ်၊ ဟီရိုရှိမလေဆိပ်နှင့် ဖူကူအိုကာလေဆိပ်တို့ဖြစ်သည်။<br>၎င်းတို့မှလွဲ၍ အခြားလေဆိပ်တို့တွင်၊ ပတ်စပို့၌ "နေထိုင်ခွင့်ကတ်ပြား နောက်ရက်တွင်ထုတ်ပေးမည်" ဟူ၍ရေးဖြည့်ပေးပါမည်။ ဤတွင် ကာလအတန်အသင့်၊ ကာလရှည် နေထိုင်သူများမှာ မြို့နယ်ရပ်ကွက်ကျေးရွာသို့ နေထိုင်ရာလိပ်စာကို အကြောင်းကြားပြီးနောက်၊ ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ နေထိုင်ရာလိပ်စာသို့ နေထိုင်ခွင့်ကတ်ပြားကို စာတိုက်မှပေးပို့ပါမည်။ |

# နေထိုင်ခွင့်အရည်အချင်းဆိုတာ ဘယ်လိုအမျိုးအစားတွေရှိတာလဲ?

| နေထိုင်ခွင့်အရည်အချင်း | သက်ဆိုင်သော ဥပမာ (အလုပ်အကိုင်စသည်) |
|---|---|

## ● အလုပ်အကိုင်လှုပ်ရှားမှုတွင် ကန့်သတ်ချက်မရှိသော နေထိုင်ခွင့်အရည်အချင်း

| | |
|---|---|
| **အမြဲတမ်းနေထိုင်သူများ** | တရားရေးဝန်ကြီးထံမှ အမြဲတမ်းနေထိုင်ခွင့် ရရှိထားသူ (အထူးအမြဲတမ်းနေထိုင်သူများမှလွဲ၍) |
| **ဂျပန်လူမျိုး၏ အိမ်ထောင်ဖက်စသည်** | ဂျပန်လူမျိုး၏ အိမ်ထောင်ဖက်၊ သားသမီးအရင်း၊ အထူးမွေးစားကလေး |
| **အမြဲတမ်းနေထိုင်သူ၏ အိမ်ထောင်ဖက်စသည်** | အမြဲတမ်းနေထိုင်သူ၊ အထူးအမြဲတမ်းနေထိုင်သူများ၏ အိမ်ထောင်ဖက်နှင့် ဂျပန်တွင်မွေးဖွားပြီး ဆက်လက်နေထိုင်နေသော  သားသမီးအရင်း |
| **အခြေချနေထိုင်သူ** | ဂျပန်နိုင်ငံပြင်ပတွင်နေထိုင်သူ တတိယမျိုးဆက် ဂျပန်လူမျိုး၊ တတိယနိုင်ငံမှ အခြေချနေထိုင်နေသော ဒုက္ခသည်၊ တရုတ်ပြည်မှမွေးစားခံရပြီး တရုတ်တွင်ကျန်နေခဲ့သော ဂျပန်လူမျိုးစသည် |

## ● အလုပ်လုပ်ရန် အသိအမှတ်ပြုခံထားရသော နေထိုင်ခွင့်အရည်အချင်း (လှုပ်ရှားမှုအကြောင်းအရာမှာ အထူးသီးသန့်ဖြစ်သည်)

| | |
|---|---|
| **သံတမန်** | နိုင်ငံခြားအစိုးရ၏ သံအမတ်၊ သံမှူး၊ ကောင်စစ်ဝန်ချုပ်၊ ကိုယ်စားလှယ်အဖွဲ့ဝင်စသည်နှင့် ၎င်းတို့၏မိသားစု |
| **အစိုးရပိုင်းဆိုင်ရာ** | နိုင်ငံခြားအစိုးရ၏ သံရုံး၊ ကောင်စစ်ဝန်ရုံးမှဝန်ထမ်း၊ နိုင်ငံတကာ အဖွဲ့အစည်းစသည်တို့မှ ပြည်သူ့ရေးရာကိစ္စများအတွက် စေလွှတ်ခံရသူစသည် နှင့် ၎င်းတို့၏မိသားစု |
| **ပါမောက္ခ** | တက္ကသိုလ်ပါမောက္ခစသည် |
| **အနုပညာ** | တေးရေးဆရာ၊ ပန်းချီဆရာ၊ စာရေးဆရာစသည် |
| **ဘာသာရေး** | နိုင်ငံခြား ဘာသာရေးအဖွဲ့အစည်းများမှ စေလွှတ်ခံရသော သာသနာပြုသူစသည် |
| **သတင်းမီဒီယာ** | နိုင်ငံခြား သတင်းမီဒီယာများ၏ သတင်းထောက်နှင့် ဓာတ်ပုံဆရာ |
| **အဆင့်မြင့် ပညာရှင်အလုပ်အကိုင်** | အဆင့်မြင့် ပညာရှင်စွမ်းရည်ကို ပိုင်ဆိုင်ထားသူ |
| **စီးပွားရေးစီမံခြင်း၊ မန်နေဂျာ** | ကုမ္ပဏီ၏ စီးပွားရေးစီမံသူ၊ မန်နေဂျာ |
| **ဥပဒေ၊ စာရင်းကိုင်လုပ်ငန်း** | ရှေ့နေ၊ လက်မှတ်ရ စာရင်းကိုင်စသည် |
| **ကျန်းမာရေး** | ဆရာဝန်၊ သူနာပြု၊ သွားဆရာဝန်စသည် |
| **သုတေသန** | အစိုးရနှင့် ဆက်စပ်အဖွဲ့အစည်းများ၊ ကုမ္ပဏီများမှ သုတေသီများ |
| **ပညာရေး** | အလယ်တန်း၊ အထက်တန်းကျောင်း စသည်တို့မှ ဘာသာစကားသင်ဆရာစသည် |
| **နည်းပညာ၊ လူ့ယဉ်ကျေးမှုနှင့် အသိပညာ၊ နိုင်ငံတကာစီးပွားရေး** | စက်မှုအင်ဂျင်နီယာနည်းပညာရှင်များ၊ စကားပြန်များ၊ ဒီဇိုင်နာများ၊ ပုဂ္ဂလိက ကုမ္ပဏီမှ ဘာသာစကားသင် ဆရာများ၊ ဈေးကွက်ရှာဖွေရေး လုပ်ငန်းလုပ်ကိုင်သူစသည် |
| **ကုမ္ပဏီတစ်ခုအတွင်းလွှဲပြောင်းလုပ်ကိုင်ခြင်း** | နိုင်ငံခြားရုံးမှ လွှဲပြောင်းအလုပ်လုပ်ကိုင်သူ |
| **ပြုစုစောင့်ရှောက်သူ** | ဘိုးဘွားပြုစုစောင့်ရှောက်သူ |
| **ဖျော်ဖြေရေး** | သရုပ်ဆောင်များ၊ အဆိုတော်များ၊ အကသမားများ၊ ပရော်ဖက်ရှင်နယ် အားကစားသမားများစသည် |
| **နည်းပညာကျွမ်းကျင်** | နိုင်ငံခြား အစားအသောက်ချက်ပြုတ်သူ၊ အားကစားနည်းပြဆရာ၊ လေယာဉ်အော်ပရေတာများ၊ အဖိုးတန် သတ္တုစသည်တို့ကို ထပ်ဆင့်ထုပ်လုပ်သောလုပ်ငန်းစသည် |
| **အထူးကျွမ်းကျင်** | ကျွမ်းကျင်စက်မှုလုပ်ငန်းနယ်ပယ် (ဘိုးဘွားစောင့်ရှောက်မှု၊ အဆောက်အဦသန့်ရှင်းရေး၊ ဆောက်လုပ်ရေး၊ မော်တော်ကားပြုပြင်ထိန်းသိမ်းရေး၊ လေကြောင်း၊ တည်းခိုလုပ်ငန်း၊ စိုက်ပျိုးရေး၊ ငါးဖမ်း၊ စားသောက်ဆိုင်လုပ်ငန်း၊ စက်မှုလုပ်ငန်းသုံး စက်ကိရိယာထုတ်လုပ်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေး၊ ရေကြောင်းလုပ်ငန်း၊ အစားအစာနှင့် အဖျော်ယမကာ ထုတ်လုပ်ရေးလုပ်ငန်း၊ မော်တော်ကားပို့ဆောင်ရေးလုပ်ငန်း၊ မီးရထား၊ သစ်တောလုပ်ငန်း၊ သစ်သားကုန်ထုတ်လုပ်ငန်း) တွင် အလုပ်လုပ်ကိုင်သောသူ |
| **နည်းပညာဆိုင်ရာ အလုပ်သင်** | နည်းပညာဆိုင်ရာ အလုပ်သင် သင်တန်းသား |

## ● အလုပ်လုပ်ကိုင်ရန် အသိအမှတ်ပြုထားခြင်းမရှိသော နေထိုင်ခွင့်အရည်အချင်း

| | |
|---|---|
| **ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှု** | ဂျပန်ယဉ်ကျေးမှု သုတေသီ စသည် |
| **ကာလတိုနေထိုင်မှု** | ခရီးသွားများ၊ အစည်းအဝေးတက်ရောက်သူများစသည် |
| **ပညာတော်သင်** | တက္ကသိုလ်၊ ကာလတိုကောလိပ်၊ နည်းပညာကောလိပ်၊ အထက်တန်းကျောင်း၊ အလယ်တန်းကျောင်း၊ မူလတန်းကျောင်း၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာကျောင်း၊ ကျောင်းအသီးသီး စသည်တို့မှ ကျောင်းသား၊ သင်ယူနေသူ |
| **နည်းပညာအလုပ်သင်** | နည်းပညာအလုပ်သင်သင်တန်းသား |
| **မိသားစုနှင့်နေထိုင်ခြင်း** | ဂျပန်တွင်နေထိုင်သူ နိုင်ငံခြားသားမှ ထောက်ပံ့ပေးနေသော အိမ်ထောင်ဖက်၊ ကလေး |

## ● အလုပ်လုပ်ခွင့်ရှိမရှိမှာ သတ်မှတ်ထားသော လှုပ်ရှားမှုအကြောင်းအရာပေါ် မူတည်သည်

| **သီးသန့်လှုပ်ရှားမှု** | တရားရေးဝန်ကြီးမှ နိုင်ငံခြားသားတစ်ဦးချင်းကို သီးသန့် သတ်မှတ်ပေးသော လှုပ်ရှားမှု (သံတမန်အရာရှိစသည်တို့၏ အိမ်အကူလုပ်ငန်းလုပ်ကိုင်သူ၊ working holiday ၊ တက္ကသိုလ်စသည့် ဘွဲ့ရပြီးနောက် အလုပ်ရှာဖွေခြင်းကို လုပ်ဆောင်သော အဆက်မပြတ် အလုပ်ရှာဖွေနေသူ၊ စီးပွားရေးပူးပေါင်းလုပ်ဆောင်မှုသဘောတူညီချက်ကို အခြေခံသော နိုင်ငံခြားသား သူနာပြု၊ ဘိုးဘွားစောင့်ရှောက်မှုဆိုင်ရာ လူမှုဝန်ထမ်း ရွေးချယ်ခံရသူစသည်) |
|---|---|

သက်ဆိုင်သော ဥပမာတွင် ကိုယ်စားပြု အလုပ်အကိုင်များကို ဖော်ပြထားပါသည်။ ဒီအပြင်လည်း အခြားအလုပ်အကိုင်များရှိသောကြောင့်၊ အသေးစိတ်ကို နီးစပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဌာနတွင် စုံစမ်းမေးမြန်းပါ။

## အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်နှင့် စပ်လျဉ်း၍


အလုပ်အကိုင်လှုပ်ရှားမှုတွင် ကန့်သတ်ချက်မရှိသော နေထိုင်ခွင့်အရည်အချင်း ကိုင်ဆောင်ထားသူများမှလွဲ၍ အခြားသူများမှာ၊ နေထိုင်ခွင့်အရည်အချင်းတွင် ဆုံးဖြတ်ထားသော လှုပ်ရှားမှုမဟုတ်သည့် အလုပ်အကိုင်လှုပ်ရှားမှုကို လုပ်ဆောင်မည့်အခါတွင်၊ အသစ်တစ်ဖန် အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်ကို ရရှိထားရန်လိုအပ်ပါသည်။

ဤခွင့်ပြုချက်ကို ① စာပေါ်တွင်ပုံသေပါတံဆိပ် (ပတ်စပို့တွင်ကပ်ထားသော) သို့မဟုတ် ② အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုလွှာဖြင့် စစ်ဆေးနိုင်ပါသည်။ ထို့အပြင် နေထိုင်ခွင့်ကတ်ပြား၏ နောက်ကျောဘက်တွင်လည်း ရေးဖြည့်ထားပါသည် (စာမျက်နှာ 7 တွင်ကိုးကားပါ)။

နမူနာ ①




နမူနာ ②




ပညာတော်သင်ကျောင်းသားစသည်၊ နေထိုင်ခွင့်ကတ်ပြား၏ အလုပ်လုပ်ရန် ကန့်သတ်ချက် ရှိမရှိကော်လံ (စာမျက်နှာ 6 တွင်ကိုးကားပါ) ၌ "အလုပ်လုပ်ခွင့်မရှိ" ဟုသတ်မှတ်ခံထားသူများ၏ အရည်အချင်းပြင်ပမှ လှုပ်ရှားမှုနှင့် စပ်လျဉ်း၍မှာ အောက်ပါဇယားအတိုင်းဖြစ်သည်။

| နေထိုင်ခွင့်အရည်အချင်း | 1 ပတ်အတွင်း အလုပ်လုပ်နိုင်သော အချိန် | ပညာရေးအဖွဲ့အစည်းများမှ ကျောင်းစည်းကမ်းအရ သတ်မှတ်ထားသော ပိတ်ရက်ရှည်ကာလတွင် အလုပ်လုပ်နိုင်သော အချိန် |
|---|---|---|
| ပညာတော်သင် | 28 နာရီအတွင်း | 1 ရက်လျှင် 8 နာရီအတွင်း |
| မိသားစုနှင့်နေထိုင်ခြင်း | | |
| သီးသန့်လှုပ်ရှားမှု (အဆက်မပြတ် အလုပ်ရှာဖွေနေသူ၊ သို့မဟုတ် ထိုသူနှင့် ဆက်နွယ်နေသော မိသားစုနှင့်နေထိုင်လှုပ်ရှားနေသူ) | | |
| ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှု | ခွင့်ပြုမှု အကြောင်းအရာကို သီးသန့် ဆုံးဖြတ်သည် | |

**※ သို့သော် လိင်ဖျော်ဖြေရေးလုပ်ငန်း စသည် (Snack Bar ၊ ဘား၊ ဂိမ်းစင်တာ၊ ပချင်းကိုဆိုင်၊ မာကျောက်ဆိုင်ကဲ့သို့သော ဆိုင်များ၊ Love Hotel စသည်) တို့တွင်မူ သန့်ရှင်းရေးလုပ်ငန်းပင်ဖြစ်စေ အလုပ်လုပ်၍မရပါ!**

# အခြားသော စစ်ဆေးစာရွက်စာတမ်းများ

နေထိုင်ခွင့်ကတ်ပြားအပြင် နေထိုင်ခွင့်အရည်အချင်းနှင့် အလုပ်အကိုင်လှုပ်ရှားမှုအကြောင်းအရာစသည်တို့ကို စစ်ဆေးရန်အတွက် အောက်ပါတို့ရှိပါသည်။

## ① ဆင်းသက်ခွင့်ပြုကြောင်း တံဆိပ်တုံး

လေဆိပ်စသည်တို့တွင် အသစ်တစ်ဖန် ဂျပန်နိုင်ငံသို့ ဝင်ရောက်ရန် (ဆင်းသက်ရန်) ခွင့်ပြုထားသော နိုင်ငံခြားသားများ၏ ပတ်စပို့တွင် ကပ်ထားမည်ဖြစ်သည်။

နေထိုင်ခွင့်အရည်အချင်း၊ နေထိုင်ခွင့်ကာလနှင့် နေထိုင်ခွင့်ကာလအကန့်အသတ် စသည်တို့ကို ရေးဖြည့်ထားပါသည်။

နမူနာ





## ② နေထိုင်မှုအတွက်သတ်မှတ်စာရွက်

နေထိုင်ခွင့်အရည်အချင်း "အထူးကျွမ်းကျင်" နှင့် "သီးသန့်လှုပ်ရှားမှု" စသည့် သူများကိုထုတ်ပေးပါသည်။ ② နေထိုင်မှုအတွက်သတ်မှတ်စာရွက်တွင် ဂျပန်နိုင်ငံတွင် လုပ်ဆောင်နိုင်သော လှုပ်ရှားမှုစသည်တို့ကို ရေးဖြည့်ထားပါသည်။

သို့သော် ②နေထိုင်မှုအတွက်သတ်မှတ်စာရွက်ကို ကိုင်ဆောင်ထားသော်လည်း အလုပ်လုပ်၍မရနိုင်သူများလည်း ရှိသောကြောင့်၊ ရေးဖြည့်ထားသည့် အကြောင်းအရာများကို သေချာစစ်ဆေးပါ။

နမူနာ



別記第七号の四様式（第七条，第二十条，第二十四条，第四十四条関係）
日本国政府法務省

指　定　書

氏　名

国籍・地域

出入国管理及び難民認定法別表第１の５の表の下欄の規定に基づき上記の者が本邦において行うことができる活動を次のとおり指定します。

※ဤတွင် ဖြည့်သွင်းထားသည့်အကြောင်းအရာများကို စစ်ဆေးပါ


日　本　国　法　務　大　臣

（注）用紙の大きさは，日本工業規格Ａ列５番又はＡ列６番とする。

## ③ အလုပ်လုပ်ရန် အရည်အချင်း အသိအမှတ်ပြုလက်မှတ်

အလုပ်လုပ်ရန် အသိအမှတ်ပြုခံထားရသော နိုင်ငံခြားသားများထံမှ လျှောက်ထားခြင်းကို အခြေခံပြီး ထုတ်ပေးပါသည်။ လုပ်ငန်းရှင်များမှာ ဤလက်မှတ်ကိုကြည့်ပြီး အလုပ်လျှောက်လိုသော နိုင်ငံခြားသားမှာ မည်ကဲ့သို့သော အလုပ်အကိုင်လှုပ်ရှားမှုကို လုပ်ဆောင်နိုင်မည်ဆိုတာ စစ်ဆေးနိုင်ပါသည်။ သို့သော် ဤအသိအမှတ်ပြုလက်မှတ်ကို မပြသောကြောင့် အပြစ်ရှာ ခွဲခြားဆက်ဆံ၍ မရပါ။

နမူနာ



別記第二十九号の四様式（第十九条の四関係）
日本国政府法務省

番号＿＿＿＿

就労資格証明書

氏　名
国籍・地域
年　月　日生（男・女）
旅券番号
在留カード番号/特別永住者証明書番号
在留資格（在留期間）　（　）

上記の者は，本邦において下記の活動を行うことが認められていることを証明します。

記

※ဤတွင် ဖြည့်သွင်းထားသည့်အကြောင်းအရာများကို စစ်ဆေးပါ

（注）本証明書の所持人の確認は，旅券または在留カード/特別永住者証明書により行ってください。

# ယာယီလွတ်ပေးခြင်းဆိုသည်မှာ?

ယာယီလွတ်ပေးခြင်းဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးနှင့် ဒုက္ခသည်အသိအမှတ်ပြုရေးဆိုင်ရာဥပဒေ (လူဝင်မှုကြီးကြပ်ရေးပုဒ်မ) ကို ချိုးဖောက်သည်ဟု သံသယရှိသောကြောင့် ပြည်နှင်ဒဏ်ကျခံရန်လုပ်ဆောင်နေသူနှင့် ပြည်နှင်ဒဏ်ကျခံရန် ဆုံးဖြတ်ပြီးသူကို နဂိုအားဖြင့် ဂျပန်နိုင်ငံလူဝင်မှုနှင့်နေထိုင်မှုကြီးကြပ်ရေးဌာန၏ ချုပ်နှောင်အဆောက်အဦတွင် ချုပ်နှောင်ခံရသင့်သည်ဖြစ်သော်လည်း ကျန်းမာရေးအကြောင်းပြချက်၊ လူသားခြင်းစာနာမှု စသည့်အကြောင်းအမျိုးမျိုးကြောင့် ခေတ္တ လွတ်မြောက်ခံရခြင်းကို ဆိုလိုသည်။


ယာယီလွတ်ပေးခံရသူ (ခေတ္တပြန်လွှတ်ပေးထားသူ) အား ယာယီလွတ်ပေးကြောင်း ခွင့်ပြုလွှာထုတ်ပေးထားသော်လည်း၊ ယာယီလွတ်ပေးကြောင်း ခွင့်ပြုခြင်းမှာ နေထိုင်ခွင့်အရည်အချင်းမဟုတ်သောကြောင့်၊ အခြေခံအားဖြင့် အလုပ်လုပ်၍ မရနိုင်ပါ။

ထို့ကြောင့် ယာယီလွတ်ပေးကြောင်း ခွင့်ပြုလွှာ၏ နောက်ကျောတွင် "လုပ်ငန်း သို့မဟုတ် ဝင်ငွေရနိုင်သောလုပ်ရှားမှုကို မလုပ်နိုင်ပါ" ဟူသော အချက်ကို ပူးတွဲပြထားပါက အလုပ်လုပ်၍ မရနိုင်ပါ။

ထို့အပြင် ယာယီလွတ်ပေးကြောင်း ခွင့်ပြုလွှာတွင် ဤအချက် ပူးတွဲမပါပါသော်လည်း၊ အလုပ်လုပ်နိုင်သော နေထိုင်ခွင့်ကတ်ပြားကို ကိုင်ဆောင်ထားသူများမှလွဲ၍၊ အလုပ်လုပ်၍ မရနိုင်ပါ။

※2024 ခုနှစ် ဇွန်လ10 ရက်နေ့နောက်ပိုင်းတွင် ယာယီလွတ်ပေးကြောင်း ခွင့်ပြုလွှာသည် A4 အရွယ်အစားနှင့် စာမျက်နှာ 2 ဖက်ပါ A5 အရွယ်အစားဟူ၍ 2မျိုး ရှိပါသည်။

**နမူနာ၊ မျက်နှာစာ**



別記第六十七号様式（第四十九条関係）

（表）

日本国政府法務省

番号 ○○第29−00号

年月日 2019年5月10日

仮放免許可書

出入国管理及び難民認定法第54条第2項の規定により，仮放免します。

見本・SAMPLE

1 氏名 Taylor Carly 男 女

2 生年月日 1985年 1月 1日

3 国籍・地域 ○○国

4 住居地 東京都港区港南5丁目5番30号

5 仮放免の条件：裏面に記載のとおり。

出入国在留管理庁 入国者収容所長


出入国在留管理局主任審査官

入管 太郎

署名

（注） 用紙の大きさは，日本工業規格A列4番とする。

**နမူနာ၊ နောက်ကျောဘက်**



（裏）

仮放免の条件

(1) 住居 表記住居地に同じ

(2) 行動範囲 住居地の都道府県及び○○出入国在留管理局出頭の際の出頭経路

(3) 出頭を命じられたときは，指定された日時及び場所に出頭しなければなりません。

(4) 仮放免の期間 平成30年5月10日から平成30年○月○日○時まで

(5) その他 職業又は報酬を受ける活動に従事できない

注意

ア 住居を変更するときは，あらかじめ入国者収容所長又は主任審査官の承認を受けなければなりません。

イ 旅行等の理由により行動範囲を拡大する必要があるときは，あらかじめ入国者収容所長又は主任審査官の承認を受けなければなりません。

ウ 上記の条件に違反したときは，仮放免を取り消し，保証金の全部又は一部を没取することがあります。

エ 出頭の際は，本許可書を持参して下さい。

**ဤတွင် ဖြည့်သွင်းထားသည့်အကြောင်းအရာများကို စစ်ဆေးပါ**

※2023ခုနှစ်ဇွန်လတွင် အတည်ပြုခဲ့သော လူဝင်မှုကြီးကြပ်ရေးပုဒ်မပြင်ဆင်ပြီးပုဒ်မအရ ပြောင်းလဲထားသည့်အကြောင်းအရာ ဖြစ်သည့် "ကြီးကြပ်စစ်ဆေးသည့်စနစ်" ဖြစ်ပေါ်လာပါသည်။

ကြီးကြပ်စစ်ဆေးမှု ချမှတ်ခံရသော ပြည်နှင်ဒဏ်ကျခံရန်လုပ်ဆောင်နေသူနိုင်ငံခြားသားသည် ပြည်နှင်ဒဏ်အမိန့်စာ မထုတ်ပေးမီတွင်သာ ချွင်းချက်အနေဖြင့် အလုပ်လုပ်ခွင့်ပြုသည့်အခါလည်း ရှိပါသည်။

အလုပ်လုပ်ခွင့် ပြုမပြုမှာ ထိုသူတွင်ရှိသော ကြီးကြပ်စစ်ဆေးမှုချမှတ်ကြောင်း အကြောင်းကြားစာတွင် အတည်ပြုစစ်ဆေးနိုင်သော်လည်း ခွင့်ပြုထားသည့် အလုပ်နေရာမဟုတ်သော အလုပ်ကို လုပ်လိုသောအခါ အလုပ်လုပ်ခွင့် ရှိမရှိကို သံသယရှိပါက အနီးဆုံး လူဝင်မှုကြီးကြပ်ရေးဌာနသို့ ဆက်သွယ်စုံစမ်းပါ။

# အလုပ်ခန့်နိုင်သလားဆိုတာ စစ်ဆေးရာတွင်?

နေထိုင်ခွင့်ကတ်ပြား ထုတ်ပေးရန်အကျုံးဝင်သူ

နေထိုင်ခွင့်ကာလအတွင်း

**အလုပ်လုပ်ရန် ကန့်သတ်ချက်မရှိသော နေထိုင်ခွင့်အရည်အချင်း**

○အမြဲတမ်းနေထိုင်သူများ ○အခြေချနေထိုင်သူ ○ဂျပန်လူမျိုး၏ အိမ်ထောင်ဖက်စသည်
○အမြဲတမ်းနေထိုင်သူ၏ အိမ်ထောင်ဖက်စသည်

**အလုပ်လုပ်ရန် ကန့်သတ်ချက်ရှိသော နေထိုင်ခွင့်အရည်အချင်း**

○ပါမောက္ခ ○အနုပညာ ○ဘာသာရေး ○သတင်းမီဒီယာ ○အဆင့်မြင့် ပညာရှင်အလုပ်အကိုင်
○စီးပွားရေးစီမံခြင်း၊ မန်နေဂျာ ○ဥပဒေ၊ စာရင်းကိုင်လုပ်ငန်း ○ကျန်းမာရေး ○သုတေသန ○ပညာရေး
○နည်းပညာ၊ ○လူ့ယဉ်ကျေးမှုနှင့် အသိပညာ၊ ○နိုင်ငံတကာစီးပွားရေး ○ကုမ္ပဏီတစ်ခုအတွင်းလွှဲပြောင်း
လုပ်ကိုင်ခြင်း ○ပြုစုစောင့်ရှောက်သူ ○ဖျော်ဖြေရေး ○နည်းပညာကျွမ်းကျင်

**အလုပ်လုပ်ရန် ကန့်သတ်ချက်ရှိသော နေထိုင်ခွင့်အရည်အချင်း**

○အထူးကျွမ်းကျင်

**အလုပ်လုပ်ရန် ကန့်သတ်ချက်ရှိသော နေထိုင်ခွင့်အရည်အချင်း**

○နည်းပညာဆိုင်ရာ အလုပ်သင်

**စည်းမျဉ်းအရ အလုပ်လုပ်၍ မရနိုင်သော နေထိုင်ခွင့်အရည်အချင်း**

○ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှု ○ပညာတော်သင် ○မိသားစုနှင့်နေထိုင်ခြင်း

**အလုပ်လုပ်ခွင့်ရှိမရှိကို ②နေထိုင်မှုအတွက်သတ်မှတ်စာရွက်ပါ အကြောင်းအရာတွင် ဆုံးဖြတ်ထားသော နေထိုင်ခွင့်အရည်အချင်း**

○သီးသန့်လှုပ်ရှားမှု
(working holiday ၊ အလုပ်ရှာဖွေနေဆဲသူစသည်)

**အလုပ်လုပ်၍ မရနိုင်သော နေထိုင်ခွင့်အရည်အချင်း**

○နည်းပညာအလုပ်သင်

---

နေထိုင်ခွင့်ကတ်ပြား ထုတ်ပေးရန်အကျုံးဝင်သူ

နေထိုင်ခွင့်ကာလအတွင်း

**အလုပ်လုပ်ရန် ကန့်သတ်ချက်ရှိသော နေထိုင်ခွင့်အရည်အချင်း**

○သံတမန် ○အစိုးရပိုင်းဆိုင်ရာ

**အလုပ်လုပ်၍ မရနိုင်သော နေထိုင်ခွင့်အရည်အချင်း**

○ကာလတိုနေထိုင်မှု

---

နေထိုင်ခွင့်ကာလကျော်လွန်နေခြင်း

---

အထူးအမြဲတမ်းနေထိုင်သူများ

※အထူးအမြဲတမ်းနေထိုင်သူများအတွက် နေထိုင်ခွင့်ကတ်ပြားကို ထုတ်ပေးမည်မဟုတ်ဘဲ အထူးအမြဲတမ်းနေထိုင်သူ အသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးပါမည်။


---

ဗီဇာပြန်လွှတ်ပေးထားသူ

ယာယီလွှတ်ပေးကြောင်း ခွင့်ပြုလွှာရှိ "ယာယီလွှတ်ပေးကြောင်း အချက်များ" ကော်လံကိုစစ်ဆေးပါ

"လုပ်ငန်း သို့မဟုတ် ဝင်ငွေရနိုင်သောလှုပ်ရှားမှုကို တားမြစ်သည်" ဟူ၍ ရေးဖြည့်ထားခြင်းရှိသည်

"လုပ်ငန်း သို့မဟုတ် ဝင်ငွေရနိုင်သောလှုပ်ရှားမှုကို တားမြစ်သည်" ဟူ၍ ရေးဖြည့်ထားခြင်းမရှိ



အလုပ်ခန့်ရန် OK
နေထိုင်ခွင့်အရည်အချင်းတွင် အသိအမှတ်ပြုခံထားရသော အလုပ်အကိုင်လှုပ်ရှားမှုများသာ
အလုပ်ခန့်ရန် OK
အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်ရှိသည်
အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်တွင် သတ်မှတ်ထားသည့် အချက်များ၏ ဘောင်အတွင်းတွင်
အလုပ်ခန့်ရန် OK
နေထိုင်မှုအတွက်သတ်မှတ်စာရွက်တွင် အသိအမှတ်ပြုခံထားရသော အဖွဲ့အစည်းနှင့် နယ်ပယ်တို့ရှိ အလုပ်အကိုင်လှုပ်ရှားမှုများသာ
အလုပ်ခန့်ရန် OK
နည်းပညာဆိုင်ရာ အလုပ်သင်ဥပဒေအရ သတ်မှတ်ထားသော နည်းပညာဆိုင်ရာ အလုပ်သင်စီမံချက်ကို အခြေခံသည့် အလုပ်အကိုင်လှုပ်ရှားမှုများသာ
အလုပ်ခန့်ရန် OK
②နေထိုင်မှုအတွက်သတ်မှတ်စာရွက်တွင် ဆုံးဖြတ်ထားသော အချက်များ၏ ဘောင်အတွင်းတွင်သာ
အလုပ်ခန့်ရန် OK
အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်ရှိသည်
အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်တွင် ဆုံးဖြတ်ထားသော အချက်များ၏ ဘောင်အတွင်းတွင်သာ
အလုပ်ခန့်ရန် OK
အလုပ်ခန့်၍ မရပါ
နေထိုင်ခွင့်အရည်အချင်းတွင် အသိအမှတ်ပြုခံထားရသော အလုပ်အကိုင်လှုပ်ရှားမှုများသာ
အလုပ်ခန့်ရန် OK
အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်ရှိသည်
အရည်အချင်းပြင်ပမှ လှုပ်ရှားမှုများအတွက် ခွင့်ပြုချက်တွင် ဆုံးဖြတ်ထားသော အချက်များ၏ ဘောင်အတွင်းတွင်သာ
အလုပ်ခန့်ရန် OK
အလုပ်ခန့်၍ မရပါ
အလုပ်ခန့်၍ မရပါ
အလုပ်ခန့်ရန် OK
အလုပ်လုပ်နိုင်သော နေထိုင်ခွင့်ကတ်ပြားကို ကိုင်ဆောင်မထားခြင်း
အလုပ်လုပ်နိုင်သော နေထိုင်ခွင့်ကတ်ပြားကို ကိုင်ဆောင်ထားခြင်း
အလုပ်ခန့်၍ မရပါ
အလုပ်ခန့်ရန် OK

# အလုပ်ခန့်ပြီးနောက် အကြောင်းကြားခြင်း

## နိုင်ငံခြားသားအလုပ်ခန့်ခြင်းအခြေအနေ အကြောင်းကြားစနစ်

လုပ်ငန်းရှင်များအားလုံးသည် "အလုပ်လုပ်ကိုင်မှုအစီအမံ၏ ဘက်စုံတိုးတက်ရေးနှင့် အလုပ်သမားခန့်ထားမှုတည်မြဲရေး၊ လုပ်ငန်းနှင့်ဘဝနေထိုင်မှု တိုးတက်ရေးစသည်တို့နှင့် သက်ဆိုင်သောဥပဒေ" (အလုပ်လုပ်ကိုင်မှုအစီအမံ ဘက်စုံတိုးတက်ရေးဥပဒေ) ကိုအခြေခံပြီး၊ နိုင်ငံခြားသားအလုပ်သမား ("အထူးအမြဲတမ်းနေထိုင်သူများ" နှင့် နေထိုင်ခွင့်အရည်အချင်း "သံတမန်"၊ "အစိုးရပိုင်းဆိုင်ရာ" မှ သူများမှလွဲ၍။) ကို အလုပ်ခန့်ခြင်း သို့မဟုတ် အလုပ်မှရပ်ဆိုင်းခြင်း ပြုလုပ်ရာတွင်၊ သက်ဆိုင်ရာနိုင်ငံခြားသားအလုပ်သမား၏ အမည်၊ နေထိုင်ခွင့်အရည်အချင်း၊ နေထိုင်ခွင့်ကာလစသည်တို့ကို စစ်ဆေးပြီး၊ Hello work သို့အကြောင်းကြားရမည်။

**အကြောင်းကြားရန်ပျက်ကွက်ခြင်း၊ မမှန်မကန် အကြောင်းကြားခြင်း လုပ်ဆောင်ခဲ့ပါက...** ▶▶▶ **ယန်း 3 သိန်းနှင့်အောက် ဒဏ်ကြေး**

| | အလုပ်အကိုင် အာမခံကို ဝင်ထားရမည့်သူဖြစ်သည့် နိုင်ငံခြားသား | အလုပ်အကိုင် အာမခံကို ဝင်ထားရမည့်သူမဟုတ်သည့် နိုင်ငံခြားသား |
|---|---|---|
| အကြောင်းကြားရမည့်နေရာ | အလုပ်အကိုင် အာမခံ ဝင်ထားသော လုပ်ငန်းရုံးကို စီရင်ဆောင်ရွက်သော Hello work | သက်ဆိုင်ရာနိုင်ငံခြားသား အလုပ်လုပ်သော လုပ်ငန်းရုံး အဆောက်အဦ (ဆိုင်၊ စက်ရုံစသည်) တည်နေရာကို စီရင်ဆောင်ရွက်သော Hello work |
| အကြောင်းကြားရန် အချိန်အကန့်အသတ် | အလုပ်ခန့်ခြင်း  အလုပ်အကိုင် အာမခံကို ဝင်ထားရမည့်သူ အရည်အချင်းပြည့်မီကြောင်း အသိပေးချက် တင်ပြရမည့်အချိန်အကန့်အသတ်နှင့် အတူတူဖြစ်သည် (နောက်လ 10 ရက်အထိ)<br>အလုပ်မှရပ်ဆိုင်းခြင်း  အလုပ်အကိုင် အာမခံကို ဝင်ထားရမည့်သူ အရည်အချင်းမပြည့်မီကြောင်း အသိပေးချက် တင်ပြရမည့်အချိန်အကန့်အသတ် နှင့်အတူတူဖြစ်သည် (နောက်နေ့မှစတင်ရေတွက်ပြီး 10 ရက်အတွင်း) | အလုပ်ခန့်ခြင်း၊ အလုပ်မှရပ်ဆိုင်းရာတွင် နှစ်ခုစလုံး နောက်လ၏ နောက်ဆုံးရက်အထိ |

**အင်တာနက်မှ အီလက်ထရောနစ်အကြောင်းကြားမှုလည်း လုပ်ဆောင်နိုင်သည်!**

နိုင်ငံခြားသားအလုပ်ခန့်ခြင်းအခြေအနေ အကြောင်းကြားစနစ် **検　索**

https://gaikokujin.hellowork.mhlw.go.jp/report/001010.do?screenId=001010&action=initDisp

## နေထိုင်ခွင့်လျှောက်ထားမှုလုပ်ထုံးများကို အွန်လိုင်းမှလုပ်ဆောင်မှုသို့

ဂျပန်နိုင်ငံလူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနမှ နေထိုင်ခွင့်လျှောက်ထားမှုလုပ်ထုံးများကို အွန်လိုင်းမှလုပ်ဆောင်မှုသို့ စတင်ပြောင်းလဲလိုက်ပြီဖြစ်သည်။

| အကျုံးဝင်သည့် နေထိုင်ခွင့်အရည်အချင်း | အကျုံးဝင်သည့် လျှောက်ထားမှုလုပ်ထုံးများ | စနစ်ကို အသုံးပြုနိုင်သူ |
|---|---|---|
| "သံတမန်" နှင့် "ကာလတိုနေထိုင်မှု" မှလွဲ၍ ကျန်သော နေထိုင်ခွင့်အရည်အချင်းအားလုံး | ①နေထိုင်ခွင့်အရည်အချင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးရန် လျှောက်ထားခြင်း<br>②နေထိုင်ခွင့်အရည်အချင်းပြောင်းလဲမှုကို ခွင့်ပြုရန်လျှောက်ထားခြင်း<br>③နေထိုင်ခွင့်ကာလ အသစ်ပြင်ဆင်မှုကို ခွင့်ပြုရန်လျှောက်ထားခြင်း<br>④နေထိုင်ခွင့်အရည်အချင်း ရယူမှုကို ခွင့်ပြုရန်လျှောက်ထားခြင်း<br>⑤အလုပ်လုပ်ရန်အရည်အချင်းလက်မှတ် ထုတ်ပေးရန်လျှောက်ထားခြင်း<br>⑥နိုင်ငံအတွင်းတစ်ဖန်ပြန်လည်ဝင်ရောက်မှုကို ခွင့်ပြုရန် လျှောက်ထားခြင်း（※1）<br>⑦အရည်အချင်းပြင်ပမှ လှုပ်ရှားမှု ခွင့်ပြုရန်လျှောက်ထားခြင်း(※2)<br>※1- ②~④အထိ တစ်ချိန်တည်းတွင် လုပ်ဆောင်သောအခါဖြစ်ပြီး ကောင်တာတွင် လက်ခံရရှိသောအခါတွင်သာဖြစ်သည်။<br>※2- ②~④အထိ တစ်ချိန်တည်းတွင် လုပ်ဆောင်သောအခါတွင်သာ ဖြစ်သည်။ | ①အဖွဲ့အစည်းများမှ ဝန်ထမ်းများ<br>②ရှေ့နေ၊ အုပ်ချုပ်ရေးဆိုင်ရာ စာရေးပေးသူ<br>③ပြည်သူ့အကျိုးစီးပွား အသင်းအဖွဲ့ မှ ဝန်ထမ်းများနှင့် မှတ်ပုံတင်အထောက်အကူပြုအေဂျင်စီမှ ဝန်ထမ်းများ<br>④နိုင်ငံခြားသားကိုယ်တိုင်<br>⑤တရားဝင်ကိုယ်စားလှယ်<br>⑥ဆွေမျိုး (အိမ်ထောင်ဖက်၊သားသမီး သို့မဟုတ် မိခင်) |

**※အကျုံးဝင်သည့်အသုံးပြုသူ ①နှင့်③မှသူသည် အွန်လိုင်းမှ ဆက်လက်လုပ်ဆောင်ရာတွင် ကြိုတင်၍ အသုံးပြုမှုအတွက်လျှောက်ထားရန် လိုအပ်သည်။**

နေထိုင်ခွင့်လျှောက်ထားမှု အွန်လိုင်းစနစ် **検　索**

https://www.moj.go.jp/isa/applications/online/onlineshinsei.html

## ဥပဒေအရ အရေးယူမှုများ

**တရားမဝင် အလုပ်အကိုင် ကူညီဆောင်ရွက်ပေးသည့် ရာဇဝတ်မှု**

အလုပ်လုပ်ရန် အသိအမှတ်ပြုခံထားရခြင်း မရှိသော နိုင်ငံခြားသားကို အလုပ်ခန့်သည့် လုပ်ငန်းရှင်နှင့် အဆိုပါ အလုပ်ခန့်မှုကို ကူညီဆောင်ရွက်ပေးသူကို၊

**3** နှစ်နှင့်အောက် ထောင်ချခြင်း သို့မဟုတ် ယန်းသိန်း **30** နှင့်အောက် ဒဏ်ကြေး သို့မဟုတ် အဆိုပါနှစ်ခုလုံး ကျခံစေမည်။

※အလုပ်လုပ်ကိုင်မှုဆိုင်ရာဥပဒေတွင်မူ တရားမဝင်အလုပ်လုပ်ကိုင်သူနိုင်ငံခြားသားတွင်လည်း ဂျပန်နိုင်ငံသားများနည်းတူ "အလုပ်သမား" အနေဖြင့် အခွင့်အရေးရှိသည့်အတွက် လုပ်အားခမပေးချေခြင်း၊ ဘေးကင်းရေးတာဝန်ချိုးဖောက်ခြင်း စသည့်အခါများတွင်လည်း ပြစ်ဒဏ်ချခံရသည့်အခါလည်းရှိပါသည်။



## လူမှုရေးအရ အရေးယူမှုများ

လုပ်ငန်းစည်းကမ်းဥပဒေလိုက်နာမှုရှိစေရန် ကြိုးပမ်းမှုများသည် လူမှုရေးအရအာရုံစူးစိုက်မှုကို ဆွဲဆောင်နေချိန်တွင်၊ တရားမဝင်အလုပ်သမားများအား အလုပ်ခန့်ထားခြင်းကို ရှာဖွေတွေ့ရှိပါက၊ စားသုံးသူများ၊ စီးပွားရေးလုပ်ဖော်ကိုင်ဖက်များ၊ စက်မှုလုပ်ငန်းအဖွဲ့အစည်းစသည်တို့၏ ယုံကြည်မှုနှင့် အပ်နှံထားမှုတို့ကို ဆုံးရှုံးသွားပြီး **လုပ်ငန်း၏ ပုံရိပ်ကို ဆိုးဝါးသွားစေနိုင်ပါသည်။**

# အမေးများသောမေးခွန်းများ

**Q** **တရားမဝင်အလုပ်လုပ်ကိုင်သူဖြစ်နေသည်ကို မသိဘဲ နိုင်ငံခြားသားကို အလုပ်ခန့်လိုက်ပါကလည်း၊ ပြစ်ဒဏ်ကျခံရန် အကျုံးဝင်ပါသလား?**

**A** တရားမဝင်အလုပ်လုပ်ကိုင်သူဖြစ်နေသည်ကို မသိဘဲ နိုင်ငံခြားသားကို အလုပ်ခန့်လိုက်ပါကလည်း၊ နေထိုင်ခွင့်ကတ်ပြား စစ်ဆေးရန်ပျက်ကွက်ခြင်းကဲ့သို့သော ပေါ့ဆမှုများရှိခဲ့ပါက၊ ၎င်းအပြစ်ဒဏ်မှ လွတ်ကင်းမည်မဟုတ်ပါ။ နိုင်ငံခြားသားအား အလုပ်ခန့်သည့်အခါ၊ နေထိုင်ခွင့်ကတ်ပြား စသည်တို့ကို သေချာစစ်ဆေးပြီး ခန့်၍ရမရ ဆုံးဖြတ်ပါ။

**Q** **နိုင်ငံခြားသားကို အလုပ်ခန့်ပြီးနောက် သို့မဟုတ် နိုင်ငံခြားသားမှ အလုပ်ထွက်သွားပြီးနောက်၊ တစ်နေရာရာသို့ သတင်းပို့ရန်လိုအပ်ပါသလား။**

**A** လုပ်ငန်းရှင်များမှာ နိုင်ငံခြားသားအလုပ်သမား (“အထူးအမြဲတမ်းနေထိုင်သူများ” ၊ “သံတမန်”နှင့် “အစိုးရပိုင်းဆိုင်ရာ” တို့မှလွဲ၍) ကိုအလုပ်ခန့်ခဲ့ပါက၊ နိုင်ငံခြားသားမှ အလုပ်မှရပ်ဆိုင်းသွားပါက Hello work သို့အကြောင်းကြားပါ။ အကြောင်းကြားရန်ပျက်ကွက်ခဲ့ပါက ယန်း 3 သိန်းနှင့်အောက် ဒဏ်ကြေးဆောင်ရနိုင်သောကြောင့် သတိပြုပါ။

**Q** **နေထိုင်ခွင့်ကာလသည် 6 လနှင့်အထက် ကျန်ရှိနေသော “နည်းပညာ၊ လူ့ယဉ်ကျေးမှုနှင့် အသိပညာ၊ နိုင်ငံတကာစီးပွားရေး” ၏ နေထိုင်ခွင့်အရည်အချင်းဖြင့် နေထိုင်နေဆဲ နိုင်ငံခြားသားမှာ၊ အလုပ်လက်မဲ့ဖြစ်နေပြီး ကျွန်ုပ်တို့ကုမ္ပဏီသို့ “စကားပြန်၊ ဘာသာပြန်အလုပ်” ၏အလုပ်အမျိုးအစားအတွက် လျှောက်ထားလာပါသည်။ အလုပ်ခန့်၍ အဆင်ပြေနိုင်ပါသလား။ ထို့အပြင် အလုပ်ပြောင်းပါက လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဝန်ကြီးဌာနမှ ခွင့်ပြုချက်လိုအပ်ပါသလား။**

**A** “နည်းပညာ၊ လူ့ယဉ်ကျေးမှုနှင့် အသိပညာ၊ နိုင်ငံတကာစီးပွားရေး” ၏ နေထိုင်ခွင့်အရည်အချင်းဖြင့် နေထိုင်နေဆဲ နိုင်ငံခြားသားမှာ၊ နေထိုင်ခွင့်ကာလအတွင်း အဆိုပါ နေထိုင်ခွင့်အရည်အချင်းနှင့်သက်ဆိုင်သော “စကားပြန်၊ ဘာသာပြန်အလုပ်” သို့ အလုပ်ပြောင်းနိုင်ပြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို မလိုပါ။

သို့သော် နိုင်ငံခြားသားမှ အလုပ်ပြောင်းသွားကြောင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဝန်ကြီးဌာနသို့ အကြောင်းကြားရန် လိုအပ်ပါသည်။ ထို့အပြင် အလုပ်ပြောင်းပါက အလုပ်ပြောင်းမည့်နေရာ၏ လုပ်ငန်းအကြောင်းအရာမှာ နေထိုင်ခွင့်အရည်အချင်း၏ လှုပ်ရှားမှုနှင့် သက်ဆိုင်မှုရှိမရှိ ဆုံးဖြတ်မည်ဖြစ်သောကြောင့်၊ လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဝန်ကြီးဌာနသို့ “အလုပ်လုပ်ရန်အရည်အချင်းလက်မှတ်” လျှောက်ထားရန် လိုလားပါသည်။

**Q** **အလုပ်ခန့်ထားသော “နည်းပညာကျွမ်းကျင်” ၏ နေထိုင်ခွင့်အရည်အချင်းဖြင့် နေထိုင်နေဆဲဖြစ်သော နိုင်ငံခြားသားမှ၊ နေထိုင်ခွင့်ကာလအတွင်း နေထိုင်ခွင့်ကာလ အသစ်ပြင်ဆင်မှုကို ခွင့်ပြုရန်လျှောက်ထားခဲ့သော်လည်း၊ ရလဒ်မထွက်ခင် ၎င်းနေထိုင်ခွင့်ကာလကို ကျော်လွန်သွားနိုင်ပါသည်။ ဆက်လက်၍ ခန့်ထားနိုင်ပါသလား။**

**A** နေထိုင်ခွင့်ကာလ အသစ်ပြင်ဆင်မှုကို ခွင့်ပြုရန်လျှောက်ထားခြင်းနှင့် နေထိုင်ခွင့်အရည်အချင်းပြောင်းလဲမှုကို ခွင့်ပြုရန်လျှောက်ထားခြင်းနှင့်စပ်လျဉ်းသော ဆုံးဖြတ်ဆောင်ရွက်မှုများမှာ နေထိုင်ခွင့်ကာလပြည့်သည့်ရက် မတိုင်မီအထိ မပြီးမြောက်နိုင်ပါက၊ ယခင်က နေထိုင်ခွင့်ကာလ ပြည့်သည့်ရက်မှ 2 လကျော်သည်အထိ၊ ဆက်လက်၍ ယခင်က နေထိုင်ခွင့်အရည်အချင်းကို ကိုင်ဆောင်ပြီး ဂျပန်နိုင်ငံတွင် နေထိုင်နိုင်သောကြောင့်၊ အလုပ်ခန့်၍ရနိုင်ပါသည်။

သို့သော် နေထိုင်ခွင့်ကာလ ပြည့်သည့်ရက်နောက်ပိုင်းတွင် သက်ဆိုင်ရာလျှောက်ထားမှုနှင့် စပ်လျဉ်း၍ ခွင့်မပြုဟု ဆုံးဖြတ်ဆောင်ရွက်ခဲ့ပါက၊ ယခင်က နေထိုင်ခွင့်အရည်အချင်းကို ဆုံးရှုံးရမည်ဖြစ်သောကြောင့်၊ သက်ဆိုင်သော ဆုံးဖြတ်ဆောင်ရွက်မှုရလဒ်၏ အသိပေးချက်ကို လိုက်နာပါ။

# နိုင်ငံခြားသားကို အလုပ်ခန့်ရာတွင် အခက်တွေ့သောအခါ?

နိုင်ငံခြားသားများ၏ ပြဿနာအမျိုးမျိုးနှင့် ဆွေးနွေးမှုများအတွက် အောက်ပါ ဆက်သွယ်ရန်လိပ်စာကို အသုံးပြုပါ။

## ☐ နိုင်ငံခြားသားအား အလုပ်ခန့်ချိန်စသည်တို့နှင့် သက်ဆိုင်၍ ဆွေးနွေးရန်

| | |
|---|---|
| တိုကျိုမြို့တော် လုပ်သား နံပါတ် 110 | 0570-00-6110 |
| ရှင်းဂျုခု နိုင်ငံခြားသား အလုပ်ခန့်ထောက်ပံ့မှု၊ လမ်းညွှန်မှုစင်တာ | 03-3204-8609 |
| နိုင်ငံခြားသားနေထိုင်ရေးပံ့ပိုးမှုစင်တာ (FRESC) | 0570-011000 |
| တိုကျိုအလုပ်သမားရေးရာဌာန နိုင်ငံခြားသား သီးသန့်ဆွေးနွေး၊ ထောက်ပံ့ရုံး (လုပ်ငန်းခွင်ပြဿနာ ဆွေးနွေးမှု) | (Navi dial နံပါတ် 2) |
| တိုကျို နိုင်ငံခြားသား အလုပ်ခန့်ဝန်ဆောင်မှုစင်တာ (အလုပ်အကိုင် ညှိနှိုင်းမှု) | (Navi dial နံပါတ် 3) |

## ☐ နေထိုင်ခွင့်အရည်အချင်း၊ နေထိုင်ခွင့်ကတ်ပြား၊ အရည်အချင်းပြင်ပမှ လှုပ်ရှားမှု ခွင့်ပြုချက်စသည်၊ ဆက်လက်လုပ်ဆောင်ရမည်များနှင့် သက်ဆိုင်သော စုံစမ်းမေးမြန်းမှုများအတွက်

| | |
|---|---|
| နိုင်ငံခြားသားနေထိုင်မှုပေါင်းစည်းသတင်းအချက်အလက်စင်တာ | 0570-013904 |
| နိုင်ငံခြားသားပေါင်းစည်း ဆွေးနွေးမှုထောက်ပံ့ရေးစင်တာ | 03-3202-5535 |

## ☐ တိုကျိုမြို့တော်၏နိုင်ငံခြားသားဆွေးနွေးမှုမှာ


| | |
|---|---|
| အင်္ဂလိပ်ဘာသာ (တနင်္လာနေ့မှ သောကြာနေ့) | 03-5320-7744 |
| တရုတ်ဘာသာ (အင်္ဂါနေ့၊ သောကြာနေ့) | 03-5320-7766 |
| ကိုရီးယားဘာသာ (ဗုဒ္ဓဟူးနေ့) | 03-5320-7700 |

## ☐ တရားမဝင်နေထိုင်သူနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို၊ တိုကျိုလူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဌာန သို့မဟုတ် နီးစပ်ရာရဲစခန်းသို့ ဆက်သွယ်ပါ။

| | |
|---|---|
| တိုကျိုလူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဌာန | 03-5796-7256 |

## ☐ ဆက်စပ် Home page များသို့ လမ်းညွှန်ချက်


| | |
|---|---|
| တရားရေးဝန်ကြီးဌာန | https://www.moj.go.jp/ |
| လူဝင်မှုကြီးကြပ်ရေးနှင့် နေထိုင်မှုစီမံခန့်ခွဲရေးဝန်ကြီးဌာန | https://www.moj.go.jp/isa/index.html |
| ကျန်းမာရေး၊ အလုပ်သမားနှင့် လူမှုဖူလုံရေး ဝန်ကြီးဌာန | https://www.mhlw.go.jp/ |
| တိုကျိုအလုပ်သမားရေးရာဌာန | https://jsite.mhlw.go.jp/tokyo-roudoukyoku/home.html |



**တိုကျိုမြို့တော်တွင် လုပ်ငန်းရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်တာဝန်ခံ တို့အတွက် တရားမဝင်အလုပ်လုပ်ကိုင်မှုကို တားမြစ်မှုကို ပိုမိုထိရောက်လာစေရန်အတွက် သင်တန်းဆရာတစ်ဦးကို အခမဲ့ ပို့ပေးပါမည်!**

စိတ်ဝင်စားသည်ဆိုပါက
အောက်ပါ ဆက်သွယ်ရန်လိပ်စာသို့ လွတ်လပ်စွာ
ဆက်သွယ်နိုင်ပါသည်။

## ဤလက်စွဲစာအုပ်ကို တိုကျိုမြို့တော်၏ Homepage မှ အခမဲ့ Download လုပ်နိုင်ပါသည် !




နိုင်ငံခြားသား အလုပ်သမား အလုပ်ခန့်အပ်ခြင်းအတွက် လက်စွဲစာအုပ် | ရှာမည်


ထုတ်ဝေသူ - တိုကျိုမြို့တော်

〒163-8001 တိုကျိုမြို့တော် ရှင်းဂျုခုရပ်ကွက် နိရှိ ရှင်းဂျုခု 2-8-1 ဖုန်း 03-5388-2279

2025 ခုနှစ် မတ်လတွင် ထုတ်ဝေသည် | မှတ်ပုံတင်အမှတ် (6) 114

リサイクル適性Ⓐ
この印刷物は、印刷用の紙へリサイクルできます。